# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၂၀ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃ - ၂ - ၂၀၁၅ ]

# (တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၀ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **အခြေခံပညာကျောင်းများတွင် ကျောင်းအုပ်ကြီးများ နေထိုင်နိုင်ရန်အတွက် ကျောင်းအဆောက်အအုံအတွင်း အခန်းဖွဲ့၍ဖြစ်စေ၊ သီးခြားအိမ်ဆောက်၍ ဖြစ်စေ စီစဉ်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **မိုးညှင်းမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် နမီးစု အခြေခံပညာမူလတန်း ကျောင်းတို့ကိုပေါင်းပြီး အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မင်းကင်းမြို့နယ်၊ ပျဉ်းကိုင်းကျေးရွာသည် ဝေးလံခေါင်းပါးဒေသဖြစ်သဖြင့် ပညာရေးဌာနမူဝါဒကို လျှော့ပေါ့စဉ်းစားပြီး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကန်ပက်လက်မှ ငုံလောင်း - စံအိမ်နူးလမ်းအပိုင်းကို ပြန်လည်ပြုပြင်ပေးရန်နှင့် ကျန်ရှိနေခဲ့သော စံအိမ်နူး - ခိတော်လမ်းအပိုင်းကို မြေသားလမ်းအသစ် အမြန်ဆုံးပြန်လည် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ခိတော်၊ ခါပန်း - ကံကြီး/ကြံတောသို့ လမ်းအရှည် (၂၀)မိုင်ခန့်ကို အမြန်ဆုံးဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ဆိပ်ဖြူမြို့နယ်၊ ယောချောင်းအနောက်ဘက်ရှိ ရွှေပိုးကျွန်း၊ ကျောက်ကြီး၊ အင်းကန်၊ ကင်မွန်းဒေါင့်၊ ကိုးရွာကျေးရွာများနှင့် ပခုက္ကူမြို့နယ်၊ မြစ်ဖျား၊ စညောင်း၊ ဒယ်ပြား၊ ဂဝံလေးတိုင်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်မည့် ယောချောင်းဖြတ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ပဲခူးမြို့နယ်၊ လက်ပံခုန်ကျေးရွာအုပ်စုရှိ မြေသားလမ်းကို ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ပန်းတနော်မြို့နယ်၊ အင်းမကျေးရွာမှ ခရေကန်ကျေးရွာအစပ်သို့ ရောက်ရှိနေပြီဖြစ်သော ကျောက်ခင်းလမ်းအား ခရေကန်ကျေးရွာအဆုံး ဂဏိမ်းတံတားအထိ ဆက်လက်ခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း။

၁၁။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည့်စုံသော ဥပဒေကြမ်းအဖြစ် ပြန်လည်တင်သွင်းရေးအတွက် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၁၇။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်သား ကိုယ်စားလှယ်

၁၈။ ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **အခြေခံပညာအဆင့်အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ

လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဗိုလ်မှူးကျော်နုမော်၊ တပ်မတော်သားကိုယ်စားလှယ်

( ခ ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( ဂ ) ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်

(ဃ) ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( င ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

( စ ) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

၁၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၀ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၁ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။